ပြည်ထဲရေး

# ပြည်ထဲရေး
သတင်းလွှာ

အတွဲ (၁၂) အမှတ် (၁၀) ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်


**အောက်တိုဘာလ (၁) ရက်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အထူးထုတ်**

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ



(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ၁-၁၀-၂၀၁၇ ရက်နေ့ နံနက် ၀၉၀၀ အချိန် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ပြီး မိန့်ခွန်း ပြောကြားခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်ရရှိသည့် ရဲတပ်ဖွဲ့ဝင် (၆)ဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင် တံဆိပ်ရရှိသည့် ရဲတပ်ဖွဲ့ဝင် (၁၆)ဦးအား လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ် အောင်ဝင်းဦးမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ရဲတပ်ဖွဲ့ဝင် (၁၈)ဦးအားလည်းကောင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် **Video Clip** ကို အားပေးကြည့်ရှုခဲ့ပြီးနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ပါသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ် အောင်ဝင်းဦးမှ မိန့်ခွန်းပြောကြားပြီး စံပြရဲရရှိသူ ရဲတပ်ဖွဲ့ဝင်(၆)ဦး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး အတွက် ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသည့်

စာ(၈)သို့




ရဲတပ်ဖွဲ့ဝင်ကောင်းများဟု ဆိုရာဝယ် ဂုဏ်ပြုဆောင်းပါး

စာ(၆)သို့


မီးသတ်ဦးစီးဌာန၊ဗဟိုမီးသတ်သင်တန်းကျောင်းတွင် Drager Firefighting Simulator အား နိုင်ငံခြားသားပညာရှင်များမှလာရောက်တပ်ဆင်ခြင်း နှင့်သင်တန်းပေးခြင်းဆောင်ရွက်နေမှု

စာ(၁၇)သို့

နိုင်ငံတကာစံနှုန်းနှင့်အညီအကျဉ်းထောင်စီမံခန့်ခွဲမှုတိုးတက်ရေး စီမံချက်နှင့်ပတ်သက်၍ လေ့လာရေးခရီးစဉ် (Study Tour on Prison Management Improved in line with International Standards) သို့သွားရောက်ခဲ့ခြင်း

စာ(၁၃)သို့

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး **Ms. Renata Dessallien** ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး **Ms. Renata Dessallien**

ဦးဆောင် သောကိုယ်စားလှယ်အဖွဲ့အား ၂၃-၈-၂၀၁၇ ရက်နေ့ ၀၉း၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦးတို့ တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ် အတွင်း ဒေသတည်ငြိမ်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးသည် USIP ၏ အကြီးတန်းအကြံပေးဖြစ်သူ **Mr.Derek Mitchell** ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးသည် **USIP**၏ အကြီးတန်းအကြံပေးဖြစ်သူ **Mr.Derek Mitchell** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၄-၈-၂၀၁၇ ရက်နေ့ ၁၄း၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၈)ရှိဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ဇော်မိုးသန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင်၊ သတင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဒုတိယဌာနကြီးမှူး ရဲမှူးကြီး တင်အောင်ဝင်း၊ ဌာနမှူး နိုင်ငံတကာ ရဲမှူးကြီး နိုင်ရဲသူတို့ တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးသည် ကိုရီးယားသမ္မတနိုင်ငံသံရုံး၊ သံရုံးယာယီတာဝန်ခံ **Mr.Kim Jung Han** ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးသည် ကိုရီးယားသမ္မတနိုင်ငံသံရုံး၊ သံရုံးယာယီတာဝန်ခံ **Mr.Kim Jung Han**

ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ၁၃-၉-၂၀၁၇ ရက်နေ့ ၁၁း၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၈)ရှိ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ညွှန်ကြားရေးမှူး (လုံခြုံရေး) ရဲမှူးကြီးကျော်ကျော်ဟန်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ဒုတိယဌာနကြီးမှူး ရဲမှူးကြီး တင်အောင်ဝင်းနှင့် သတင်းရဲတပ်ဖွဲ့မှ ဌာနမှူး (နိုင်ငံတကာ) ရဲမှူးကြီး ကျော်သီဟတို့ တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဆောင်ရွက်နေမှုများ၊ မှုခင်းသိပ္ပံဘာသာရပ်ဆိုင်ရာနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နိုင်ငံအတွင်းရှိ ကိုရီးယားနိုင်ငံသားများနှင့် ပတ်သက်သောကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးရရှိရန် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာအကျိုးဆက်များ ခွဲခြမ်းစိတ်ဖြာခြင်း အလုပ်ရုံဆွေးနွေးပွဲ (Consequence Analysis Workshop) ဖွင့်ပွဲ အခမ်းအနားကျင်းပ




ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာအကျိုးဆက်များ ခွဲခြမ်းစိတ်ဖြာခြင်း အလုပ်ရုံဆွေးနွေးပွဲ **(Consequence Analysis Workshop)** ဖွင့်ပွဲ အခမ်းအနားကို ၂၁-၈-၂၀၁၇ ရက်နေ့ ၀၉း၀၀ အချိန် နေပြည်တော်၊ **Hilton Hotel** ၌ ကျင်းပပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီမှ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ **(IMF)** နှင့် ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ထို့နောက်အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ **(IMF)** ဌာနေကိုယ်စားလှယ် **Mr. Yasuhisa Ojima** က ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်၊ ကော်မတီအတွင်းရေးမှူး ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်ဝင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ကော်မတီရုံးအဖွဲ့ဝင်များ စုစုပေါင်း (၄၃)ဦး တက်ရောက်ခဲ့ကြသည်။

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးကော်မတီသည်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ညွှန်ကြားမှုဖြင့်အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ **(IMF)** ၏ နည်းပညာအကူအညီဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်(၇)သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ် **(AML/ CFT Regime)** ကို ပိုမိုခိုင်မာစေရန်အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာခြိမ်းခြောက်မှု**(Threat)**၊ အားနည်းချက် **(Vulnerapility)** နှင့် အကျိုးဆက် **(Consequence)** များအား အကဲဖြတ်ဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ် ပြီးဆုံးပါက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာအမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာပြုစု၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟို အဖွဲ့ထံအစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲအား၂၂-၈-၂၀၁၇ ရက်နေ့အထိဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်း




မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား ၁-၁၀-၂၀၁၇ ရက်နေ့ နံနက် ၀၅း၀၀ အချိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးနှင့် ဇနီး၊ ရဲအရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဈေးကုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသထံမှငါးပါးသီလခံယူဆောက်တည်ခြင်း၊ အနုမောဒနာ တရားတော်နာကြားခြင်း၊ ကြွရောက်လာသည့် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ်လှူဒါန်းခြင်း၊ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦးမှ စုံထောက်(အရာရှိ)သင်တန်း အမှတ်စဉ်(၁၇၉/၂၀၁၇)မှနည်းပြ၊ သင်တန်းသား/သူများနှင့်တွေ့ဆုံပွဲ အခမ်းအနား ပြုလုပ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦးသည် ၁၉-၈-၂၀၁၇ ရက်နေ့ ၁၃း၂၀ အချိန်မှ ၁၄း၀၅ အချိန်အထိ အမှတ်(၂)မှုခင်းတပ်ဖွဲ့ခွဲ(ရန်ကုန်)သို့ရောက်ရှိပြီး လေ့ကျင့်ရေးသင်တန်းခန်းမတွင် စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ်(၁၇၉/၂၀၁၇) မှ နည်းပြများ၊ သင်တန်းသား/သူများနှင့် တွေ့ဆုံပွဲ အခမ်းအနား ပြုလုပ်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီး၊ ဌာနကြီးမှူး၊ မှုခင်းသိပ္ပံနှင့် လေ့ကျင့်ရေး ဌာနမှူး၊ လေ့ကျင့်ရေးဌာနခွဲမှူး၊ အမှတ်(၂)မှုခင်းတပ်ဖွဲ့ခွဲမှူး၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သူ (၁၂၀)ဦး တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲများ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ (၂၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း




၂၄-၈-၂၀၁၇ ရက်နေ့ ၀၈း၃၀ အချိန်မှ ၁၁း၃၀ အချိန်အထိ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်းမှ ဦးဆောင်ကာ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံးများ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှတပ်ဖွဲ့ဝင်၊ မိသားစုဝင်များက (၂၇)ကြိမ်မြောက်စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံးနှင့် အမှတ်(၇/၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ စုစုပေါင်း (၅၇)ဦးမှ သဃ်န်းကျွန်း၊ စံပြဆေးရုံတွင်လည်းကောင်း၊ အမှတ်(၃/၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင်နှင့် မိသားစု စုစုပေါင်း(၉၀)ဦးတို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးလှူဌာနတွင်လည်းကောင်း၊ အမှတ်(၅/၆/၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်နှင့် မိသားစု စုစုပေါင်း(၁၄၄)ဦးတို့က မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်နှင့် မိသားစု(၇)ဦးတို့က မော်လမြိုင်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင်လည်းကောင်း၊ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်(၃၄)ဦးတို့မှ ဘားအံမြို့၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ အသီးသီးစုပေါင်းသွေးလှူဒါန်းခဲ့ရာ စုစုပေါင်း တပ်ဖွဲ့ဝင်နှင့်မိသားစု(၃၃၂)ဦးမှ လှူဒါန်းနိုင်ခဲ့ကြောင်းသိရသည်။

အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်သွေးလှူဒါန်းမှု ဆောင်ရွက်ခဲ့ရာ ယနေ့(၂၇)ကြိမ်မြောက်အထိ စုပေါင်းသွေးလှူဒါန်းမှုတွင်တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း၊ မိသားစု၊ စုစုပေါင်း(၈၄၁၄)ဦးနှင့် အရေးပေါ်**(On Call)** သွေးလှူဒါန်းမှုတွင် တပ်ဖွဲ့ဝင်(၁၇၀၉)ဦး စုစုပေါင်း (၁၀၁၂၃)ဦးတို့ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်နှင့်မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးခွန်မြတ်လင်း ဦးစီးသည့် တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်း၊ မိသားစုဝင် စုစုပေါင်း (၅၈)ဦးတို့မှ ၁၅-၉-၂၀၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းမှုအားလည်းကောင်း၊ ၁၆-၉-၂၀၁၇ရက်နေ့တွင် အမှတ်(၁၄) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးဝင်းမြင့်ဦးစီးသည့် တပ်ဖွဲ့ဝင်များက မန္တလေးတိုင်းဒေသကြီး၊ ပလိပ်တိုက်နယ်၊ ဆီဆုံကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း၊ အမှတ်(၁၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူးနေမျိုးသူ ဦးစီးသည့် တပ်ဖွဲ့ဝင်များက စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မြင်းမွေးကျေးရွာရှိ ထွင့်ခေါင်ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ အမှတ် (၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီးလင်းလင်းနိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ အုံတုံပင်ကျေးရွာရှိ အောင်မြေရွှေဘုန်းသာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်များရှင်းလင်းခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးများ အသီးသီး ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။





## မြန်မာနိုင်ငံ၊ မန္တလေးမြို့၌ မြန်မာ-ထိုင်း မူးယစ်ဆေးစွဲကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ၊ အမျိုးသားမူးယစ်ဆေးဝါး အလွဲသုံးမှု ကုသရေးအဖွဲ့ **Princess Mother National Institute on Drug Abuse Treatment (PMNIDAT)** ၏ အမျိုးသား မူးယစ်ဆေးစွဲကုသရေးစင်တာတို့မှ ကြီးမှူး၍ မြန်မာ-ထိုင်း မူးယစ်ဆေးစွဲ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၈ လမ်း၊ ၃၇×၃၈ လမ်းကြား **Hotel Mandalay** ၌ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့ နံနက် ၀၉း၀၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ယာယီရဲမှူးချုပ်မြင့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် (၃၁)ဦးနှင့် ထိုင်းနိုင်ငံ၊ မူးယစ်ဆေးစွဲကုသရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် **Dr-Paskorn Chivanichsiri** ဦးဆောင်သော ကိုယ်စားလှယ်(၁၅)ဦး၊ စုစုပေါင်း(၄၆)ဦး တက်ရောက်ခဲ့ပါသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးနှင့်စိတ်ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ ယာယီရဲမှူးချုပ်မြင့်အောင်နှင့် ထိုင်းနိုင်ငံမူးယစ်ဆေးစွဲကုသရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် **Dr-Paskorn Chivanichsiri** တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး နှစ်နိုင်ငံကိုယ်စားလှယ်များမှ မူးယစ်ဆေးစွဲကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စများကို ၈-၉-၂၀၁၇ရက်နေ့အထိ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၁၆-၉-၂၀၁၇ ရက်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဆန်းနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်အောင်ဦးစီးသည့် တပ်ဖွဲ့ဝင်များကပန်းတောင်းမြို့၊ ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း၊ ဥသျှစ်ပင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းဆန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက ဥသျှစ်ပင်မြို့၊ ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ ထုံးဘိုနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဝင်းထွဋ် ဦးစီးသည့် တပ်ဖွဲ့ဝင်များက ထုံးဘိုတိုက်နယ်ဆေးရုံ၌လည်းကောင်း ဆေးရုံဝန်းအတွင်း/အပြင် ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်များရှင်းလင်းခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးများ အသီးသီး ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်း

၁-၁၀-၂၀၁၇ ရက်နေ့တွင် ကျရောက်မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်)မှ တပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ၂၅-၈-၂၀၁၇ ရက်နေ့ ၁၄း၀၀ အချိန်မှ ၁၅း၄၅ အချိန်ထိ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## (၅၃)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအထက်တန်းကျောင်း၌စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၅၃)နှစ်မြောက်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၁၀-၉-၂၀၁၇ ရက်နေ့ နံနက် ၀၇း၀၀ အချိန်မှ ၀၉း၀၀ အချိန်အထိ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်အင်အား (၂၁၀)ဦးသည် ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်များ၊ မြက်များ ရှင်းလင်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းမှုများပြုလုပ်



၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်ကျရောက်မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၁၆-၉-၂၀၁၇ရက်နေ့ နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်း (၁၀၀)ဦး၊ ခရိုင်(၄)ခရိုင်တို့မှ ရဲတပ်ဖွဲ့ဝင်(၂၀၀)ဦး၊ စုစုပေါင်း(၃၀၀)ဦးတို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာစာနှင့် ပတ်ဝန်းကျင်များတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ပြီး အမျိုးသားသွေးဌာန၌ သွေးလှူဒါန်းမှုအခမ်းအနားပြုလုပ်ကာ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း(၉၁)ဦးတို့က စုပေါင်းသွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ရဲတပ်ဖွဲ့ဝင်ကောင်းများဟု ဆိုရာဝယ်

**ရေးသားသူဆောင်းပါးရှင်**– ဒုရဲမှူးဝဏ္ဏာဆွေ

အမှုတစ်ခုကို စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်းသည် စွပ်စွဲခံရသူအားအပြစ်ရစေရုံလိုသက်သက်မဟုတ်ဘဲ ရဲတပ်ဖွဲ့သို့ တိုင်ကြားလာသည့်တိုင်ကြားချက်အပေါ် ဖြစ်စဉ်မှန် ဟုတ်မဟုတ်မိမိတို့သင်ကြားတတ်မြောက်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ အတွေ့အကြုံများကို အသုံးချ၍ မိမိတတ်စွမ်းသမျှ ရဲပညာဖြင့်အမှန်တရားကိုဖော်ထုတ်ပေးခြင်းဖြစ်ပါသည်။ နစ်နာသူသည် တိုင်ကြားသူဖြစ်နိုင်သကဲ့သို့ စွပ်စွဲခံရသူလည်း ဖြစ်နိုင်ကြောင်းသတိပြုရန်လိုအပ်ပါသည်။ ရဲတပ်ဖွဲ့တွင် ဆိုရိုးစကားတစ်ခုရှိပါသည်။ လူဆိုးတစ်ရာကို မဖမ်းမိလျှင်နေပါစေ လူကောင်းတစ်ယောက်ကိုမှားယွင်းမဖမ်းမိပါစေနဲ့ ဟူ၍ ဖြစ်ပါသည်။ မှားယွင်းဖမ်းဆီးခြင်း၊ မှားယွင်းအပြစ်ကျစေခြင်းကြောင့် ထိုသူ၏လူမှုဘဝ၊ ဂုဏ်သိက္ခာတို့ ယုတ်လျော့ကျဆင်းစေသည့်အပြင်စိတ်ဒဏ်ရာရရှိစေပြီး ရဲတပ်ဖွဲ့အပေါ် အထင်အမြင်လွဲမှားစေပါသည်။ ထိုသူတစ်ဦး တစ်ယောက်၏ အထင်အမြင်လွဲမှားမှုသည်ထိုသူနှင့် ဆက်စပ်ပတ်သက်နေသောပတ်ဝန်းကျင်တစ်ခုလုံးသို့ပြန့်နှံ့ရောက်ရှိကာ ရဲတပ်ဖွဲ့နှင့်ပြည်သူ တစ်ဖြည်းဖြည်းဝေးကွာလာပြီး ယုံကြည်မှု၊ နားလည်မှုများ ပျောက်ကွယ်လာမည်ဖြစ်ပါသည်။

တစ်ချိန်က ရဲတပ်ဖွဲ့၏ပုံရိပ်သည်ယခုရဲတပ်ဖွဲ့ကို လွှမ်းမိုးသကဲ့သို့ ယခုရဲတပ်ဖွဲ့၏ ပုံရိပ်သည်လည်း အနာဂတ်ရဲတပ်ဖွဲ့ကို လွှမ်းမိုးမည်မှာ မလွဲကေန်ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်အားလုံးသည်တစ်လှေထဲစီး တစ်ခရီးထဲ သွားသူများဖြစ်ပြီး အနာဂတ်ရဲတပ်ဖွဲ့၏သမိုင်းကိုမရိုင်းအောင်အတူတူ ရေးကြသည့်သူများလည်းဖြစ်၍ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရမည့် အဖြစ်မျိုးကိုရှောင်ရှားသင့်ပါသည်။

ထူးချွန်ထက်မြက်သော ရဲတပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်ရန် အရည်အချင်းများစွာ လိုအပ်ပါသည်။ ထိုအရည်အချင်းများစွာအနက်မှ ဆက်ဆံရေးကောင်းမွန်မှု၊ အကျင့်စာရိတ္တကောင်းမွန်မှု၊ ဥပဒေ/လုပ်ထုံးလုပ်နည်း နားလည်ကျွမ်းကျင်မှုနှင့် လုပ်ငန်းအပေါ်စိတ်ဝင်စားစွာ ကြိုးစားလုပ်ကိုင်တတ်မှုရှိရုံမျှဖြင့် ကောင်းမွန်သော ရဲတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်နိုင်ပါသည်။ အထက်ပါအရည်အချင်းများပြည့်ဝနေစေရန်အတွက်လည်း ရဲတပ်ဖွဲ့ဝင်များအား လုပ်ငန်းခွင်နှင့်ဆက်စပ်သည့် ပြည်တွင်း/ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များနှင့် လုပ်ငန်းခွင်မပျက်သင်တန်းများကို တပ်ဖွဲ့ဝင် အားလုံးတက်ရောက်ပါဝင်ဆွေးနွေးနိုင်ရေးစဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ပေးရန်လည်း လိုအပ်လှပါသည်။

သင်တန်းတစ်ခုတွင် နိုင်ငံခြားသားနည်းပြဆရာတစ်ဦးမှခေတ်မီသောရဲတပ်ဖွဲ့ဖြစ်ရန်အတွက် ခေတ်မီသောစီမံခန့်ခွဲမှုရှိရန်သာလိုသည်ဟု ဆွေးနွေးခဲ့ဘူးပါသည်။ ခေတ်မီဆန်းပြားသော ရုပ်ဝတ္ထုပစ္စည်းများ မည်မျှပင်ရှိစေကာမူ ခေတ်မီကောင်းမွန်သော စီမံခန့်ခွဲမှုမရှိပါက မည်သို့မျှထိရောက်စွာအသုံးချနိုင်မည်မဟုတ်ချေ။လက်နက်၊ အသုံးအဆောင်ပစ္စည်းတို့ ခေတ်မီနေရုံဖြင့်မရ၊ထိုလက်နက်အသုံးအဆောင်တို့ကို အသုံးပြုမည့် တပ်ဖွဲ့ဝင်များသည်လည်း အတွေးအခေါ်နှင့် လုပ်နည်းလုပ်ဟန်များ ခေတ်နှင့်အညီခေတ်မီရန် လိုအပ်ပါသည်။

ကမ္ဘာလောကကြီးတစ်ခုလုံးပြောင်းလဲသွားရန်တစ်ခုကိုသာပြောင်းလဲပေးရန်လိုပါသည်။ ထိုအရာကား လူသားတို့၏ စိတ်နေစိတ်ထား **(Mindset)** ကို ပြောင်းလဲပေးခြင်းပင်ဖြစ်ပါသည်။ လွယ်ကူသည့်အရာမဟုတ်သော်လည်း ခက်ခဲပြီး လုပ်နိုင်မည့်အရာမဟုတ်ဟုလည်း တွေးမထားသင့်ပေ။ လူတိုင်းလူတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှုတို့သာရှိပါက ပြီးပြည့်စုံသော လူ့အဖွဲ့အစည်း ဖြစ်လာမည်မှာမလွဲကေန် ဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တိုင်းသည်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရမည့်အပြင် စေ့စပ်သေချာမှုရှိစွာဖြင့် ဥပဒေနှင့်အညီလုပ်ကိုင်ဆောင်ရွက်တတ်ကြရန်အရေးကြီးပါသည်။ ဘက်ပေါင်းစုံမှ ယိုကွက်၊ ဟာကွက်မရှိစေရန် တွေးခေါ်မျှော်မြင်နိုင်စွမ်းဖြင့် မိမိတို့၏ ရဲလုပ်ငန်းများကိုကုန်စင်အောင် ဆောင်ရွက်ကြမှသာလျှင် မိမိတို့၏ လုပ်ငန်းတာဝန်များအောင်မြင်မည် ဖြစ်ပါသည်။

အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ ည (၁၁)နာရီအချိန်ခန့် လမ်းတစ်လမ်းရှိ တိုက်ခန်း ပထမထပ်၊ ဝရံတာပေါ်တွင် လူငယ်(၂)ဦးအား ဖောက်ထွင်းကိရိယာများဖြင့် ဖမ်းဆီးမိထားကြောင်း ပစ္စည်းပိုင်ရှင်မှ သတင်းပို့သဖြင့် ရဲတပ်ဖွဲ့ဝင်များမှ သွားရောက်ဖမ်းဆီးခေါ်ဆောင်လာ၏။ ၎င်းတို့(၂)ဦးထံမှ သော့ဖျက်ရာတွင်အသုံးပြုသည့် ဝက်အူလှည့်၊ ပလာယာ၊ ခဲဖျော်ရာတွင် အသုံးပြုသည့်မီးထွက်ဂေါက်တပ်ထားသော ဂက်စ်ဘူး (၁)ဘူးတို့အပြင် အဆိုပါနေအိမ်မှခိုးယူထားသည့် တန်ဖိုးနည်းပစ္စည်းတစ်ချို့ကိုပါ သိမ်းဆည်းရမိ၏။ ပစ္စည်းတန်ဖိုးက ထောင်ဂဏန်းမျှသာရှိပြီးအမှုဖွင့်လှစ်ပါက အလုပ်ပျက်မည်ဟုတွေးထင်သောကြောင့် ပစ္စည်းပိုင်ရှင်က အမှုမဖွင့်သည့်အတွက် ရဲတပ်ဖွဲ့၏တာဝန်ဖြစ်လာသည်။ ရဲတပ်ဖွဲ့မှ ပြစ်မှုကျူးလွန်ခဲ့သူများကို ဒီအတိုင်း မလွှတ်လိုသဖြင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၈၀/ကျင့် ၅၄ ဖြင့် အမှုဖွင့်စစ်ဆေးပြီးဥပဒေအကြံပြုချက်အရ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၉ ဖြင့် တရားစွဲတင်ခဲ့ရာ အမှုကို တရားရုံးမှ မှားယွင်းမှုဖြင့်ပိတ်သိမ်းကာစွပ်စွဲခံရသူ(၂)ဦးကိုတရားသေလွှတ်လိုက်၏။ တရားရုံးစီရင်ချက်တွင် ပစ္စည်းပိုင်ရှင်မှ ရဲစခန်းသို့လာရောက် အမှုဖွင့်လှစ်ခြင်းမဟုတ်ဘဲရဲတပ်ဖွဲ့ကမသင်္ကာ၍ဖမ်းဆီးတရားစွဲဆိုခြင်း၊ ပစ္စည်းပိုင်ရှင်ကလည်းပစ္စည်းပျောက်ဆုံးကြောင်း ထွက်ဆိုမှုမရှိခြင်း၊ စွပ်စွဲခံရသူ(၂)ဦးထံမှ ပစ္စည်းများမှာလည်း လုပ်ငန်းရှင်များမှ ဝယ်ယူခိုင်းလိုက်သောပစ္စည်းများဖြစ်ကြောင်းထွက်ဆိုခြင်း၊ စွပ်စွဲခံရသူများမှာပစ္စည်းပိုင်ရှင်၏ဆိုင်မှ အလုပ်သမားများဖြစ်ကြောင်း ပစ္စည်းပိုင်ရှင်မှ ထွက်ဆိုခြင်း၊ ထိုလမ်းအတွင်းသို့ ရောက်ရှိနေရခြင်းမှာ အလုပ်ချိန်ပြီးသည့်အချိန်ဖြစ်နေခြင်းတို့ဖြစ်ကြောင်း သိရပါသည်။ ရင်နာစရာကောင်းသည်က အမှန်တကယ် ပစ္စည်းခိုးယူသူများကိုဖမ်းဆီးရမိပါလျက် ထိုက်သင့်သောပြစ်ဒဏ်ရရှိအောင် မဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အဖြေထုတ်ရလျှင်အမှုစစ်အနေဖြင့် သမရိုးကျနည်းလမ်းများကိုသာ တွေးခေါ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်သူလူထု(ပစ္စည်းပိုင်ရှင်)မှ ပူးပေါင်းပါဝင်လာအောင်စည်းရုံးဆောင်ရွက်နိုင်မှု အားနည်းခြင်းကြောင့် စွပ်စွဲခံရသူများ လွတ်မြောက်သွားခြင်းဖြစ်ကြောင်းတွေ့ရှိရပေသည်။

အမှုစစ်တစ်ဦးအနေဖြင့် အလားတူဖြစ်စဉ်မျိုးကို ကိုင်တွယ်စစ်ဆေးရပါက လိုအပ်ချက်မရှိအောင် ဆောင်ရွက်နိုင်စေရေးအတွက် သင်ခန်းစာယူဖွယ် တင်ပြခြင်းသာဖြစ်ပါသည်။ အချုပ်အားဖြင့် တင်ပြရလျှင် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် တရားခံဖမ်းဆီးရေးဆောင်ရွက်ခြင်း၊ အမှုကိုစုံစမ်းစစ်ဆေးဖော်ထုတ်ခြင်း၊ လုံခြုံရေးဆောင်ရွက်ခြင်းနှင့် ပြည်သူများနှင့် ထိတွေ့ဆက်ဆံခြင်းများ ဆောင်ရွက်ရာတွင် ခေတ်မီသောအတွေးအခေါ်များရှိရန်လိုအပ်လှပါသည်။ ကမ္ဘာကြီးသည် ရွာကြီး ဖြစ်နေချေပြီ။ အမီမလိုက်ပါက နောက်ကျကျန်ခဲ့ပေလိမ့်မည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ စဉ်းစားတွေးခေါ်မှုများကို ပြုပြင်ပြောင်းလဲ၍ခေတ်မီသော အတွေးအကြံကောင်းများကို ခေတ်မီသော စီမံခန့်ခွဲမှုများဖြင့် အမှန်တရားကို တိကျသေချာစွာဖော်ထုတ်ပေးနိုင်လာပါက ပြည်သူကယုံကြည်အားကိုးသော၊ ပြည်သူချစ်သော ရဲတပ်ဖွဲ့ဝင်ကောင်းများ မလွဲကေန် ဖြစ်မည်ဖြစ်ပါကြောင်း (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

## အမျိုးသမီးရဲတပ်သားသစ်သင်တန်းအမှတ်စဉ်(၄၀/၂၀၁၇) သင်တန်းဆင်းပွဲကျင်းပ

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း၊ ရမည်းသင်းမြို့တွင် ၆-၃-၂၀၁၇ ရက်နေ့မှ ၂၅-၈-၂၀၁၇ရက်နေ့အထိဖွင့်လှစ်သင်ကြားခဲ့သည့် အမျိုးသမီးရဲတပ်သားသစ် သင်တန်းအမှတ်(၄၀/၂၀၁၇) သူရတပ်ခွဲသင်တန်းဆင်းပွဲအခမ်းအနားကို ၂၅-၈-၂၀၁၇ ရက်နေ့ ၀၇း၃၀ အချိန်မှ ၀၈း၁၀အချိန်ထိ အဆိုပါအမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီးရဲမှူးကြီးစန်းလွင်တက်ရောက်၍ သင်တန်းဆင်းပွဲမိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ(၁၅၀)ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ (၅၈၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ



၈-၉-၂၀၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့ အထက(၂)၊ အခြေခံပညာ အထက်တန်းကျောင်းတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီးပညာရေးမှူးက ဖတ်ကြားခဲ့ပါသည်။ ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ စုစုပေါင်းအင်အား (၁၂၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်္ဂလိပ်စာစွမ်းရည်မြှင့်သင်တန်းသင်တန်းဆင်းပွဲ ကျင်းပ

၁-၇-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ စာရေးဝန်ထမ်းများ အင်္ဂလိပ်စာစွမ်းရည်မြှင့် သင်တန်း (၁/၂၀၁၇)သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးမှ အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းကို ၁-၆-၂၀၁၇ ရက်နေ့မှ ၃၀-၆-၂၀၁၇ ရက်နေ့ထိ ရက်သတ္တပတ်(၄)ပတ်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး သင်တန်းဆင်းပွဲတွင် ပဲခူးတိုင်းဒေသကြီးမိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌမှ သင်တန်းသူ/သားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း၊ အခမ်းအနားသို့ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ မိသားစု စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များနှင့် သင်တန်းသား/သင်တန်းသူများအပါအဝင် စုစုပေါင်း အင်အား( ၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးလုပ်ငန်းများ အသီးသီးကျင်းပပြုလုပ်

### မွန်ပြည်နယ်

၁၁-၈-၂၀၁၇ ရက်နေ့တွင် အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ဝန်ထမ်းများအနေဖြင့် မိမိဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များကို သိရှိနားလည် စေရန်ရည်ရွယ်၍ အပတ်စဉ်မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ဟင်္သာခန်းမ)၌ ကြာသပတေးနေ့တိုင်း လုပ်ငန်းခွင်မပျက်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ ဆွေးနွေးပွဲတွင် အရာထမ်း/အမှုထမ်း(၅)ဦးမှ ဒီမိုကရေစီနှင့်တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ အခြားဝန်ကြီးဌာနများမှ လွှဲအပ်သော လုပ်ငန်းတာဝန်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များအား ဆွေးနွေးပြီး စုစုပေါင်းအင်အား(၁၆၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။


### ရခိုင်ပြည်နယ်

၂၁-၈-၂၀၁၇ ရက်နေ့မှ ၄-၉-၂၀၁၇ ရက်နေ့ထိ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း(၁/၂၀၁၇)အား ဖွင့်လှစ်ပို့ချဆောင်ရွက်ခဲ့ရာ အဆိုပါ သင်တန်းသို့ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်း (၁၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။




### ရှမ်းပြည်နယ် (ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)

၂၃-၈-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဥပဒေ၊ နည်းဥပဒေများအား ဝန်ထမ်း (၄၄)ဦးနှင့် အပြန်အလှန်ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ရာ အဖွဲ့နှစ်ဖွဲ့ခွဲ၍ အထွေထွေဘာသာရပ်နှင့် မြေယာစီမံခန့်ခွဲရေးဘာသာရပ်တို့ကို စာတမ်းဖတ်ကာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။



## စာအုပ်၊ စာနယ်ဇင်းများလှူဒါန်း

၁၈-၈-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ကျိန္တလီမြို့၊ မြို့အုပ်ချုပ်ရေးမှူးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကံ့ကော်တောင်ကျေးရွာအုပ်စု၊ ကံ့ကော်တောင် ကျေးရွာ၊ ကံ့ကော်အလင်းစာကြည့်တိုက်သို့သွားရောက်ပြီး စာအုပ်များ၊ စာနယ်ဇင်းများ၊ စုစုပေါင်း(၁၉၈)အုပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

# (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ.... မှ

ပြည်သူ(၂)ဦး၊ သင်တန်းထူးချွန်ဆုရရှိသူ (၂)ဦးနှင့် အနုပညာရှင်များကိုယ်စား ကိုယ်စားလှယ်(၁)ဦးအားလည်းကောင်း၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်၊ ရဲလေ့ကျင့်ရေးအရာရှိချုပ်နှင့် တာဝန်ရှိသူများက ရာထူးတိုးတပ်ဖွဲ့ဝင်(၆)ဦး၊ ရုံးဝန်ထမ်းထူးချွန်ဆု ရရှိသည့်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆု၊ အားကစားထူးချွန်ဆုနှင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆု ရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အဆိုပါ(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ ပြည်ထောင်စုသမ္မတနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ သံတမန်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြား ထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ



၁၂-၉-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသောဒေသများအဖြစ် သတ်မှတ်နိုင်ရေး ပြည်နယ်အဆင့် စိစစ်ရေး ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ် အုပ်ချုပ်ရေးမှူးမှ မိမိဒေသတိုးတက်လာသောအခြေအနေကိုအပေါ် မူတည်၍ ဒေသစရိတ်ခံစားခွင့်နှင့်ပတ်သက်ပြီး လျှော့သင့်သည်ကို လျှော့ပေးရန်၊ အဆင့်တိုး၍ သတ်မှတ်မည်ဆိုပါက အခြားဒေသ၏ အခြေအနေနှင့် နှိုင်းယှဉ်၍တင်ပြရန် ဆွေးနွေး မှာကြားခဲ့ပြီး ဆွေးနွေးပွဲသို့ ပြည်နယ်အဆင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား (၂၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



၃၁-၈-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစာရင်းများတင်ပြနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးပြုလုပ် ခဲ့ရာ စုစုပေါင်းအင်အား(၂၀၀)ဦး တက်ရောက် ခဲ့ကြောင်း သတင်းရရှိပါသည်။

## သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲ

၂၂-၈-၂၀၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ ရွှေမော်ဝန်းသာသနာ့ဗိမာန်တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကြီးမှူး၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းအမှတ် (၇/၂၀၁၇)အား ဖွင့်လှစ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းကို၂၂-၈-၂၀၁၇ရက်နေ့မှ ၂၄-၈-၂၀၁၇ ရက်နေ့အထိ(၃)ရက်ကြာဖွင့်လှစ်ခဲ့ပြီး အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ သင်တန်းသား/သူများ စုစုပေါင်းအင်အား(၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## နယ်နိမိတ်ဆိုင်ရာအသိပညာပေးသင်တန်းကျင်းပ

၁-၈-၂၀၁၇ ရက်နေ့မှ ၂-၈-၂၀၁၇ရက်နေ့အထိ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တွန်းဇံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အုပ်စု စာရေးဝန်ထမ်းများ မြန်မာ-အိန္ဒိယနယ်နိမိတ်ဆိုင်ရာအသိပညာပေးသင်တန်း ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ အမှာစကားပြောကြားပြီး သင်တန်းကာလအတွင်း ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ သင်တန်းသူ/သားများအား နယ်နိမိတ်ဆိုင်ရာ ဗဟုသုတများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်မှု ဆိုင်ရာဥပဒေ/နည်းဥပဒေများ ပို့ချရှင်းလင်း ခဲ့ပါသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး များနှင့် အုပ်စုစာရေးဝန်ထမ်းများ စုစုပေါင်း အင်အား (၇၂)ဦး တက်ရောက် ခဲ့ကြောင်း သတင်းရရှိပါသည်။



## ကွင်းဆင်းကြည့်ရှုစစ်ဆေး



၄-၉-၂၀၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ပြဿဒ်ရေဆိုးချောင်းရေ လမ်းချဲ့ထွင်ခြင်းလုပ်ငန်းကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်မှ တာဝန်ရှိသူများ စုစုပေါင်းအင်အား(၃၀)ဦးဖြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။ အဆိုပါ ပြဿဒ်ရေဆိုး ချောင်းရေလမ်းချဲ့ထွင်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စက်သုံးဆီဂါလံ(၉၀၀)ပံ့ပိုးကူညီမှုဖြင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ အနီးကပ်ကြီးကြပ်မှု၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းရေဆိုးချောင်းမှာ (၈)မိုင်ခန့် ရှည်လျားပြီး ယခုကဲ့သို့ ရေလမ်းချဲ့ထွင်ပေးခြင်းဖြင့် မိုးရာသီတွင် စိုင်နိုင်၊ သားနား၊ မောက်ကြိုး၊ ရွှေကျင်နှင့် လှတောကျေးရွာ အုပ်စုတို့ရှိ လယ်မြေကေ(၄၀၀၀)ကျော်အား နှစ်စဉ်ရေကြီးရေလျှံဖြစ်ပေါ်မှုမှ ကာကွယ်ပေးနိုင်သည့်အပြင် စိုင်နိုင်၊ သားနားနှင့် မောက်ကြိုးကျေးရွာတို့ရှိ လူနေအိမ်ခြေများသို့ ရေဝင်ရောက်မှုကို လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း သတင်းရရှိပါသည်

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများညှိနှိုင်းအစည်းအဝေးကျင်းပ



၁၅-၉-၂၀၁၇ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဥတ္တရသီရိမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အတည်ပြုနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား (၂၆)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျေးလက်ကျန်းမာရေးဌာနခွဲ ဆိုင်းဘုတ်အားဖွင့်လှစ်




၇-၉-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်(၆၇၃) သိန်းဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ နောင်မိုးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဆရာဝန်ကြီးနှင့် ဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ စုစုပေါင်းအင်အား (၅၀၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## လုံခြုံရေးကိစ္စနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကွင်းဆင်း၊

၁၆-၉-၂၀၁၇ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိတို့သည် ကဒက်ငယ်ဆိပ်ကျေးရွာအုပ်စုသို့ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ အရန်မီးသတ်တပ်ဖွဲ့၊ ရပ်မိရပ်ဖ၊ ပြည်သူ့အခြေပြုအဖွဲ့များနှင့် တွေ့ဆုံ၍ လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရန်၊ လူဝင်/ထွက်စနစ်တကျစောင့်ကြည့်ရန်၊ ညလုံခြုံရေးအတွက် ကင်းလှည့်သည့်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ စုစုပေါင်းအင်အား(၁၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အရည်အချင်းစစ်စာမေးပွဲကျင်းပ

၂၇-၈-၂၀၁၇ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် မုဒုံမြို့၊ ဣန္ဒာသယ သာသနာ့ဗိမာန်၌ ကျင်းပပြုလုပ်သော ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး အရည်အချင်းစစ်စာမေးပွဲကျင်းပမှုကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ အဆိုပါစာမေးပွဲတွင် မုဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ကမာဝက်မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတို့မှ အကြီးတန်းစာရေး(၉)ဦးနှင့် အငယ်တန်းစာရေး(၅၈)ဦး စုစုပေါင်းအင်အား (၆၇)ဦး ဖြေဆိုခဲ့ကြောင်း သတင်းရရှိပါသည်။



# အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၆၆)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ပြုလုပ်ခြင်း

## နေပြည်တော်



၁-၉-၂၀၁၇ ရက်နေ့တွင် ကျရောက်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၆၆) နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်၊ ရုံးအမှတ်(၇၉)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်ကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးသိန်းနိုင်ထွန်း ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦးဝင်းညွန့် ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ၎င်းတို့မှ သံဃာတော်(၅)ပါးအား ပင့်ဖိတ်၍ အရဟံဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ ဝန်ထမ်းများအား နတ်သုဒ္ဓါဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ဗလာမပါကံစမ်းမဲလက်ဆောင်ပစ္စည်းများ မဲဖောက်ပေးခြင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းပေးအပ်သည့် တာဝန်ကို ထူးချွန်စွာကြိုးစားထမ်းဆောင်သော ဝန်ထမ်းများအား ညွှန်ကြားရေးမှူးချုပ်မှ ဂုဏ်ထူးဆောင်လက်မှတ်များချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊ အလားတူ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်လည်း သံဃာတော်များအား အရဟံဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစု တို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ ဝန်ထမ်းနှင့် မိသားစုများအား နံနက်စာ၊ နေ့လည်စာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ဌာန၏ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များအကြောင်း သိကောင်းစရာများကို အသိပညာပေးဆွေးနွေးပြောကြားခြင်း၊ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်း၊ ညွှန်ကြားရေးမှူးချုပ်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသော ဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကယားပြည်နယ်




၁-၉-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၆၆) နှစ်မြောက်ဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ကယားပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးကွန်းဇော် ဦးဆောင်သော ဝန်ထမ်းနှင့်မိသားစုဝင်များသည် လွိုင်ကော်မြို့၊ ချိကယ်ကျေးရွာရှိ ကန္တရဝတီဘုန်းတော်ကြီးကျောင်းမှ ဆရာတော် အမှူးပြုသော သံဃာတော်(၅)ပါးပင့်ဖိတ်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တရားတော်များနာယူခဲ့ကြောင်း သတင်းရရှိပါသည်။

## ကရင်ပြည်နယ်

၁-၉-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၆၆)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့အခမ်းအနားတွင် ကရင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်သူဦးဆောင်သော ဝန်ထမ်းနှင့် မိသားစုဝင်များသည် ဆရာဒကာကျောင်းဖြစ်သည့် ဘားအံမြို့၊ မြိုင်သဇင်ကျောင်းတိုက်မှ သံဃာတော်(၅)ပါးအား တန်ဖိုးငွေ ၂၅၆,၀၀၀/-(ကျပ်နှစ်သိန်းငါးသောင်းခြောက်ထောင်တိတိ)ရှိ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ ထို့နောက် ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ကရင်ပြည်နယ်ရုံး ညွှန်ကြားရေးမှူး၏ ဂုဏ်ပြုမှတ်တမ်းပေးအပ်ချီးမြှင့်ခြင်းနှင့် ထူးချွန်ဆုရကျောင်းသား/သူ(၂)ဦးအား ဂုဏ်ပြုဆုငွေ ၆၀,၀၀၀/-(ကျပ်ခြောက်သောင်း တိတိ)ပေးအပ်ပြီး ဝန်ထမ်းနှင့် မိသားစုဝင်များအတွက် ဝတ်စုံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

၁-၉-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၆၆)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးဆောင်၍ ဝန်ထမ်းမိသားစုများသည် တိုင်းရုံးဝင်းရှိ မုံရွာမြို့၊ တော်ဝင်ဘုံစံကျောင်းတိုက်မှ ပင့်သံဃာတော်(၅)ပါးအား အရဟံဆွမ်းနှင့်လှူဖွယ်ပစ္စည်းဝတ္ထုငွေ ဆက်ကပ်လှူဒါန်းခြင်း၊ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်း၊ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အမျှအတန်းပေးဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းနောက် တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းပေးအပ် ချီးမြှင့်ခြင်း၊ ၂၀၁၆-၂၀၁၇ခုနှစ် ပညာရည်ချွန်ဆုရရှိသည့် ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ခြင်းနှင့် ကံစမ်းမဲဖောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တနင်္သာရီတိုင်းဒေသကြီး



၁-၉-၂၀၁၇ ရက်နေ့တွင် ကျရောက်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၆၆)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့အခမ်းအနားကို ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီးရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ သံဃာတော် (၅)ပါးအား အရဟံဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသော ဝန်ထမ်းများအား ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဝင်းမှ ဂုဏ်ထူးဆောင် လက်မှတ်များချီးမြှင့်ပေးအပ်ခြင်း၊ ဝန်ထမ်းနှင့် မိသားစုများ၊ ဧည့်ပရိတ်သတ်များအား ဒံပေါက်၊ အအေး တို့ဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ဗလာမပါ ကံစမ်းမဲလက်ဆောင်ပစ္စည်း မဲဖောက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပဲခူးတိုင်းဒေသကြီး



၁-၉-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၏ (၆၆)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုး ဦးဆောင်သော ဝန်ထမ်းမိသားစုဝင်များသည် မဟာဝိသဇ္ဇကကျောင်းတိုက်မှ သံဃာတော် (၅)ပါးအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ သင်္ကန်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ဝန်ထမ်းမိသားစုဝင်များနှင့် ဧည့်သည်များအား နတ်သုဒ္ဓါ၊ရေခဲမုန့် စသည်တို့ဖြင့်ဧည့်ခံကျွေးမွေးခြင်း၊ ရွှေမော်ဓောဘုရား၌ အလှူငွေ ၃၀၀,၀၀၀ိ/- (ကျပ်သုံးသိန်းတိတိ) လှူဒါန်းခြင်းတို့ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မကွေးတိုင်းဒေသကြီး



၁-၉-၂၀၁၇ ရက်နေ့တွင် ကျရောက်သည့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၏ (၆၆) နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့အခမ်းအနားကို မကွေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့် ဦးဆောင်သော ဝန်ထမ်းများနှင့်မိသားစုဝင်များမှ မကွေးမြို့၊ မိုးကောင်းကျောင်းတိုက် ဆရာတော် ဦးတိတ္တရပါ သံဃာ(၅)ပါးတို့အား ပင့်ဖိတ်၍ အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်း၊ အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ခြင်း၊ တရားတော်နာယူခြင်း တို့ကိုဆောင်ရွက်ခဲ့ပြီး အငြိမ်းစားဌာနဝန်ထမ်းများနှင့် ဝန်ထမ်းများအား မုန့်ဟင်းခါး ဖြင့်ဧည့်ခံကျွေးမွေးခဲ့ပါသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်မှ ဌာနဖြစ်တည်လာပုံနှင့် သမိုင်းကြောင်းများ ရှင်းလင်းပြောကြားခြင်း၊ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများအား ဆုလက်မှတ် ချီးမြှင့်ခြင်းနှင့်ပျော်ပွဲရွှင်ပွဲအဖြစ် ငွေကျပ် (၅) သိန်းတန်ဖိုးရှိ ပစ္စည်းများကို ဝန်ထမ်းများအားကံစမ်းမဲဖောက်ပေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး

၁-၉-၂၀၁၇ ရက်နေ့တွင် ကျရောက်သည့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၏ (၆၆) နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူး ဦးသော်တာအောင် မှ အဖွင့်အမှာစကားပြောကြားခြင်း ၊ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် ဝန်ထမ်းများအား ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ညွှန်ကြားရေးမှူးဦးသော်တာအောင်မှ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခြင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ရရှိသည့် ဝန်ထမ်းများအား တံဆိပ်များပေးအပ်ခြင်း၊ သင်တန်းထူးချွန်ဆုနှင့် ပညာသင် ထူးချွန်ဆု ရရှိသည့် ဝန်ထမ်းသားသမီးများအား စုစုပေါင်းချီးမြှင့်ငွေ ၃၄၀,၀၀၀ိ/- (ကျပ်သုံးသိန်း လေးသောင်းတိတိ) ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မွန်ပြည်နယ်



၁-၉-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၏(၆၆)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့အခမ်းအနားတွင် မွန်ပြည်နယ် ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း ဦးဆောင်သော ဝန်ထမ်းနှင့်မိသားစုဝင် များသည် မော်လမြိုင်မြို့၊ ရွှေတောင်ကျောင်းတိုက် ဆရာတော် ဓမ္မကထိက ဘဟုဇနတိတဓရဘဒ္ဒန္တဝိမလ အမှူးပြုသော သံဃာတော်(၅)ပါးတို့အား လှူဖွယ်ဝတ္ထုအစုစုတို့နှင့်အတူ အရုဏ်ဆွမ်းကပ်ခြင်း၊ ဝန်ထမ်းနှင့်ဝန်ထမ်း မိသားစုများအား ဧည့်ခံကျွေးမွေးခြင်း များပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် မွန်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသည့် အမှုဆောင် ဝန်ထမ်း(၄)ဦးတို့ကို ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်းမှ ပေးအပ်ခြင်းပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရခိုင်ပြည်နယ်



၁-၉-၂၀၁၇ရက်နေ့တွင် ကျရောက်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၆၆) နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့အခမ်းအနားကို ရခိုင်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူး ဦးမြင့်လွင်မှ အခမ်းအနားတက်ရောက်လာသောဝန်ထမ်း/မိသားစုများအား မိမိဦးစီးဌာန ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ဌာန၏ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် ခံယူကျင့်သုံးလျက်ရှိသည့် ဆောင်ပုဒ်များနှင့်ပတ်သက်၍ အသိပေးဟောပြောခြင်း၊ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသော ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ချီးမြှင့်ခြင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် အောင်မြင်သော ကျောင်းသားများအား ဆုပေးအပ်ခြင်း နှင့် ကံစမ်းမဲနှိုက်ခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကရင်ပြည်နယ်ရုံးတွင် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



၈-၉-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စုံညီအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးမြင့်သူ ဦးဆောင်၍ ယာဉ်မတော်တဆမှုလျော့နည်းပပျောက်စေရေး အသိပညာပေး ဟောပြောပွဲကျင်းပပြုလုပ်ခဲ့ပြီး ဘားအံမြို့၊ အမှတ်(၁၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး၊ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးမြင့်နိုင်မှ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခြင်းနှင့် သရုပ်ပြရှင်းလင်းခြင်း၊ ဝန်ထမ်းနှင့်မိသားစုဝင်များအား ယာဉ်စည်းကမ်းပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ (၁၂၃) ကြိမ်မြောက် မြသပိတ်စာရေးတံမဲ ဆွမ်းလုံးလောင်းလှူပွဲကြီးတွင် ပါဝင်လှူဒါန်းခြင်း



၁၅-၉-၂၀၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရားကြီး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၂၃)ကြိမ်မြောက် မြသပိတ်စာရေးတံမဲ ဆွမ်းလုံး လောင်းလှူပွဲတော်ကြီးတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ စာရေးတံမဲ ရရှိခဲ့သည့် မုံရွာမြို့၊ သလ္လာရပ်ကွက်ရှိ ရန်မျိုးအောင်အရှေ့ကျောင်းတိုက် ဆရာတော် ဉူးစန္ဒောဘာသ နှင့် သံဃာတော်(၂၅)ပါးတို့အား ညွှန်ကြားရေးမှူး ဦးအောင်မျိုးကျော် ဦးဆောင်ပြီး ဝန်ထမ်းများမှ ဆွမ်းဟင်းလျာများ၊ သင်္ကန်းနှင့်ဝတ္ထုငွေတို့ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၈,၈၅၀/-(ကျပ်နှစ်သိန်း ကိုးသောင်းရှစ်ထောင်ကျော်)ကို လှူဒါန်းခဲ့ပါကြောင်း သတင်းရရှိပါသည်။

## ရခိုင်ပြည်နယ်ရုံးမှ ဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် မောင်တောမြို့မှ နေရပ်စွန့်ခွာသူများအား ထမင်းကျွေးမွေးခြင်း

၅-၉-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူးဦးမြင့်လွင်၏ ဦးဆောင်စီစဉ်မှုဖြင့် ဝန်ထမ်းမိသားစုများမှ ဆရာဒကာကျောင်းဖြစ်သည့် ပြည်တော်သာရပ်ကွက်၊ ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်၌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဉာဏဝံသ ပါသံဃာတော် (၂၀) ပါးနှင့် ဥပုဒ်သီလ ဆောက်တည်သူ (၈၀)ဦးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မောင်တောမြို့မှ နေရပ်စွန့်ခွာလာသူကျား/မ(၁၀၅)ဦးတို့အား ထမင်းကျွေးမွေးခြင်းတို့အတွက် စုစုပေါင်း ငွေကျပ် ၈၀၀,၀၀၀/- (ကျပ်ရှစ်သိန်း တိတိ) လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## နိုင်ငံတကာစံနှုန်းနှင့်အညီ အကျဉ်းထောင်စီမံခန့်ခွဲမှုတိုးတက်ရေး စီမံချက်နှင့်ပတ်သက်၍ လေ့လာရေးခရီးစဉ် (Study Tour on Prison Management Improved in line with International Standards) သို့သွားရောက်ခဲ့ခြင်း



၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာစံနှုန်းနှင့်အညီ အကျဉ်းထောင်စီမံခန့်ခွဲမှုတိုးတက်ရေးစီမံချက်နှင့်ပတ်သက်၍ လေ့လာရေးခရီးစဉ် **(Study Tour on Prison management improved in line with international standards)** သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦး ဦးဆောင်သော ကိုယ်စားလှယ် ၃ ဦး တက်ရောက်ခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အဆိုပါခရီးစဉ်အတွင်း **DIGNITY** ရုံး၌ **Dr. Andrew M. Jefferson** ဦးဆောင်သော အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အကျဉ်းထောင်လေ့ကျင့်ရေးသင်တန်းကျောင်း၊ ဒိန်းမတ်နိုင်ငံအကျဉ်းဦးစီးဌာနရုံးချုပ်၊ **Jyderup Open Prison** (တံတိုင်းမဲ့အကျဉ်းထောင်)၊ **Horsens**မြို့ရှိ **Enner Mark** အကျဉ်းထောင်များသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်းသတင်းရရှိပါသည်။

## ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်ခြင်း

အကျဉ်းဦးစီးဌာန ရုံး/အကျဉ်းထောင်/စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစွမ်းရည်(၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ အကျဉ်းဦးစီးဌာန၊ ရုံးအမှတ်(၄၉)၊ နေပြည်တော်တွင် ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၃)အား သင်တန်းသား/သူ ၃၅ ဦးဖြင့် ၄-၉-၂၀၁၇ ရက်နေ့မှ ၁၀-၁၁-၂၀၁၇ ရက်နေ့အထိ ရက်သတ္တ(၁၀)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားအား ၄-၉-၂၀၁၇ ရက်နေ့တွင် အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများ၊ သင်တန်းသား/သူများ စုစုပေါင်းအင်အား ၅၀ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဒုတိယအကြိမ် အရှေ့တောင်အာရှဒေသအတွင်း အကျဉ်းထောင်ဆိုင်ရာအဆင့်မြင့်ဝန်ထမ်းများအတွက်အမျိုးသမီးအကျဉ်းသူများအား စီမံခန့်ခွဲမှုသင်တန်း (The Second Training Course on the Management of Women Prisoners for Senior Correctional Staff in the ASEAN Region)သို့တက်ရောက်ခဲ့ခြင်း



၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အရှေ့တောင်အာရှဒေသအတွင်း အကျဉ်းထောင်ဆိုင်ရာ အဆင့်မြင့်ဝန်ထမ်းများအတွက် အမျိုးသမီးအကျဉ်းသူများအား စီမံခန့်ခွဲမှုသင်တန်း **(The Second Training Course on the Management of Women Prisoners for Senior Correctional Staff in the ASEAN Region)**သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းအောင်ပါ ကိုယ်စားလှယ် ၂ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါသင်တန်းကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် **GPF** အဆောက်အဦအလွှာ ၁၅ ရှိ **TIJ** ရုံး သင်တန်းခန်းမတွင် ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပါသည်။ သင်တန်း၏ အဓိကရည်ရွယ်ချက်မှာ ဘန်ကောက် စည်းမျဉ်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော အကျဉ်းထောင်ဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်နှင့် ယင်းစည်းမျဉ်းများအပေါ် သိရှိနားလည်မှုတိုးတက်စေရန်၊ ဘန်ကောက်စည်းမျဉ်းများကို လိုက်နာကျင့်သုံးရာတွင် နည်းလမ်းများနှင့် လက်တွေ့ကျသည့် ဗဟုသုတများကို မျှဝေရန်ဖြစ်သည်။ သင်တန်းသို့ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ကင်ညာ၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူစသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။ သင်တန်းကာလအတွင်းတွင် **Pathumthani Province** အကျဉ်းထောင်နှင့် **Thonburi Women Correctional Institute** အကျဉ်းထောင်များသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် **TIJ** မှ အမှုဆောင်ဒါရိုက်တာ **Dr. Kittipong Kittayark** မှ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝိပဿနာတရားစခန်းပွဲများဖွင့်လှစ်ကျင်းပပေးခြင်း



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများတွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ စိတ်နှလုံးနူးညံ့သိမ်မွေ့လာစေရေး အတွက်ရည်ရွယ်၍ အကျဉ်းထောင်/စခန်းတွင်း ဝိပဿနာ တရားစခန်းများကိုဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင်မန္တလေး၊ သာယာဝတီ ဗဟိုအကျဉ်းထောင်၊ မိတ္ထီလာ၊ တောင်ငူ၊ မြစ်ကြီးနား၊ ပုသိမ်၊ မြောင်းမြ၊ မအူပင်၊ ကသာ၊ သရက်အကျဉ်းထောင်၊ တောင်စွန်းကုန်ထုတ်စခန်းတို့တွင် အကျဉ်းထောင်၊ စခန်းတွင်း ဝိပဿနာတရားစခန်းများအသီးသီး ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြင်ပ NGOs အဖွဲ့များမှ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်ပေးခြင်း



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်အသီးသီးတွင် ပြင်ပ **NGOs** အဖွဲ့များ၊ ကျန်းမာရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များဖြစ်သော **National Aids Control Program** အဖွဲ့သည် ၂-၈-၂၀၁၇ ရက်နေ့တွင် အင်းစိန် ဗဟိုအကျဉ်းထောင်၊ **Asia Harm Reduction Network** အဖွဲ့သည် ၈-၈-၂၀၁၇ ရက်နေ့တွင်ပန်းမော် အကျဉ်းထောင်၊ ၁၅-၈-၂၀၁၇ရက်နေ့တွင် ရာဇဂြိုဟ်(၂) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ ၂၂-၈-၂၀၁၇ရက်နေ့တွင် ရာဇဂြိုဟ်(၁) စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်း၊ **MSF(Holland)** အဖွဲ့သည် ၁-၈-၂၀၁၇ရက်နေ့တွင် မြစ်ကြီးနားအကျဉ်းထောင်၊ ၁၉-၈-၂၀၁၇ရက်နေ့တွင် လားရှိုးအကျဉ်းထောင်၊ **UNION ART Supply** အဖွဲ့သည် ၂-၈-၂၀၁၇ ရက်နေ့တွင် မန္တလေးဗဟိုအကျဉ်းထောင်တို့အား လာရောက်၍ အကျဉ်းသား/သူ၊ အချုပ်သား/သူများအားနှစ်သိမ့်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး လိုအပ်သောဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်းသတင်းရရှိပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးများနှင့် ခရိုင်တရားသူကြီးများ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များဖြစ်သော လားရှိုး၊ စစ်တွေအကျဉ်းထောင်နှင့် ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများသို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများနှင့်ခရိုင် တရားသူကြီးများမှ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝတ်ပြုဆုတောင်းခြင်းနှင့် ကျွေးမွေးလှူဒါန်းခြင်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများရှိ ခရစ်ယာန် ဘာသာဝင်အကျဉ်းသား/ သူများအား ကျွေးမွေးလှူဒါန်းခြင်းနှင့် ဝတ်ပြု ဆုတောင်းခြင်းများခွင့်ပြုခဲ့ရာ မြစ်ကြီးနား၊ သရက်အကျဉ်းထောင်၊ ဘဲလင်း(၁)၊ ဘဲလင်း(၂)၊ ထုံးဘို(၁)၊ ထုံးဘို(၂)၊ ထုံးဘို(မ)ကုန်ထုတ် စခန်းတို့တွင် ဝတ်ပြုဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများသီဆိုခြင်းနှင့် ကျွေးမွေးလှူဒါန်းခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများဖြစ်သော အင်းစိန်၊ မန္တလေးဗဟို အကျဉ်းထောင်၊ မြစ်ကြီးနား၊ ကလေး၊ လှိုင်ကော်၊ ကော့သောင်း၊ ပုသိမ်၊ ကျိုင်းတုံ၊ ညောင်ဦး၊ တောင်ငူ၊ ကျောက်ဖြူအကျဉ်းထောင်၊ ဘုရားငါးဆူ၊ ဇင်းကျိုက်ကုန်ထုတ်စခန်း၊ ဆင်ဖြူရှင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့ရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ကျန်းမာရေးဦးစီးဌာနမှ ခုခံကျ/ကာလသား၊ **TB**၊ သွားဘက်ဆိုင်ရာ၊ အထွေထွေရောဂါကု၊ အနာကြီးရောဂါ၊ စိတ်ကျန်းမာရေး၊ ခွဲစိတ်အထူးကုနှင့် သက်ဆိုင်ရာမြို့နယ်များရှိ ရောဂါတိုက်ဖျက်ရေးအဖွဲ့များဝင်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ **HIV/AIDS** ရောဂါနှင့် **H1N1** ရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲများပြုလုပ်ခဲ့ကြောင်းသတင်းရရှိပါသည်။

## မန္တလေးဗဟိုအကျဉ်းထောင်တွင် အထူးတရားပွဲကျင်းပပြုလုပ်ပေးခြင်း



အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မန္တလေးဗဟို အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ ၊ အချုပ်သား/သူများ စိတ်နှလုံးနူးညံ့သိမ်မွေ့စေရန်အတွက် ၆-၉-၂၀၁၇ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မွေ့လည်ကျေးရွာအုပ်စု၊ ကန်(၆)ရွာ၊ ဘိုးဘွားရိပ်သာ ရေပူစမ်းရေထွက်တောရတွင် သီတင်းသုံးလျက်ရှိသော “**ကျောက်ဂူဆရာတော်**”ဥူးကုန္ဒာစရိယ အရှင်သူမြတ်မှ နိဗ္ဗာန်ရောက်ကြောင်းတရားဒေသနာတော်များဟောကြားပေးခဲ့ပြီး ဝန်ထမ်းမိသားစုများနှင့် အကျဉ်းသား/သူများမှ သင်္ကန်းအပါအဝင်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှလွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်းအတတ်ပညာ တစ်ခုခု တတ်မြောက်သွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဩဂုတ်လအတွင်း သာယာဝတီဗဟိုအကျဉ်းထောင်တွင် တက်တင်းထိုးသင်တန်း၊ လားရှိုးအကျဉ်းထောင်တွင် ပန်းရံ၊ ဝပ်ရှော့၊ အထူးဟင်းလျာများပြုလုပ်နည်းသင်တန်း၊ ကော့သောင်းအကျဉ်းထောင်တွင် စက်ချုပ်သင်တန်း၊ ထုံးဘို(အမျိုးသမီး) ကုန်ထုတ်စခန်းတွင် ရွှေဆိုင်းလုပ်ငန်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်းသတင်းရရှိပါသည်။



## အစ္စလာမ်ဘာသာဝင်အကျဉ်းသားများ ကော်ရဘန်နီအစ်ဥပုသ်ကာလအတွင်း ဥပုသ်ဝင်ရောက်ပြီးစီးခြင်း

အကျဉ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ သာယာဝတီဗဟိုအကျဉ်းထောင်တွင် အစ္စလာမ်ဘာသာဝင်အကျဉ်းသား ၅၉ ဦးတို့သည် ကော်ရဘန်နီအစ်ဥပုသ်ကာလအတွင်း ၁-၉-၂၀၁၇ ရက်နေ့မှ ၂-၉-၂၀၁၇ရက်နေ့အထိ အကျဉ်းထောင်တွင်း အဆောင်အမှတ်(၃) အစ္စလာမ်ဝတ်ပြုခန်းမတွင် ဥပုသ်ဝင်ရောက် ပြီးစီးခဲ့ကြောင်းသတင်းရရှိပါသည်။



## မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး မကွေးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး



မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ၂၃-၈-၂၀၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့သစ် မြို့နယ်မီးသတ်စခန်း၊ နတ်မောက်မြို့နယ်မီးသတ်စခန်း၊ ညောင်ကန်နယ်မြေမီးသတ်စခန်း၊ မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ မင်းဘူးမြို့နယ်မီးသတ်စခန်း၊ထောက်ရှာပင်နယ်မြေ မီးသတ်စခန်းနှင့် မကွေးနယ်မြေ မီးသတ်စခန်းများအား အသီးသီးလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါ ခရီးစဉ်အတွင်း မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့်တွေ့ဆုံအမှာစကားပြောကြားရာတွင် မီးသတ်ဦးစီးဌာန၏ အဓိကတာဝန်ကြီး (၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးငြှိမ်းသတ်ရေးနဲ့ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းများအကြောင်း အသေးစိတ် လမ်းညွှန်အမှာစကားပြောကြားခဲ့ကြောင်း၊ အုပ်ချုပ်မှု လျော့နည်းဖြစ်စဉ်များမဖြစ်ပွားစေရေးအတွက် အရာရှိမှ အကြပ်အဆင့်အထိ ဆင့်ကဲဆင့်ကဲ ကြီးကြပ်ဆောင်ရွက်ရန်၊ စည်းကမ်းကောင်းမွန်၍ ပြည်သူလူထုမှ အားကိုးယုံကြည်ရသော မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင်ကြိုးစားဆောင်ရွက်ရန်၊ မီးမလောင်ချင်တဲ့စိတ်၊ လောင်တဲ့မီးအား အမြန်ဆုံးငြိမ်းစေလိုတဲ့စိတ်ထားရှိပြီး ပြည်သူလူထုကို အလုပ်အကျွေးပြုစုရန်၊ တပ်ဖွဲ့ဝင်များ စည်းကမ်း ကောင်းမွန်စေရန်အတွက်မူးယစ်ဆေးဝါးကိုရောင်း/ဝယ်၊ သိုလှောင်သုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် လုံးဝရှောင်ကြဉ်ကြရန်၊ လောင်းကစားနှင့်လည်း လုံးဝပတ်သက်မှုမရှိစေရန်၊ အရက်ကိုလွန်လွန်ကျွံကျွံသောက်သုံးခြင်းမပြုရန်၊ အမျိုးသမီးကိစ္စများနှင့် လူမှုရေးကိစ္စများ မရှုပ်ထွေးစေရန်နှင့် ငွေရေးကြေးရေးကိစ္စများ ကင်းကင်းရှင်းရှင်းနေထိုင်ကြရန်၊ တပ်ဖွဲ့ဝင်များ မိသားစုစိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင် စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အခြေခံရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၁၈/၂၀၁၇)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အခြေခံရုံးလုပ်ငန်းသင်တန်းအမှတ်စဉ် (၁၈/၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၄-၉-၂၀၁၇)ရက်နေ့၊ (၀၉း၀၀)အချိန်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစုတွင်ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ရုံးလုပ်ငန်းသဘောနှင့် ရုံးလုပ်ငန်းတာဝန်များ နားလည်တတ်ကျွမ်းပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်တတ်စေရန် မီးသတ်ဦးစီးဌာန၏ ဦး/ရေး/ထောက်/ငွေစာရင်းဆိုင်ရာ ရုံးလုပ်ငန်းများ၊ မြို့နယ်ရုံးများ၏ အခြေခံငွေစာရင်းဌစများနှင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှုများကို သိရှိနားလည်ဆောင်ရွက်တတ်စေရန် မိမိဝန်ကြီးဌာန၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး နှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်စခန်းအသီးသီးမှ သင်တန်းသား/သူ(၅၀)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ရက်သတ္တ (၄)ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊သုခသိဒ္ဓိနယ်မြေမီးသတ်စခန်းတွင် ရှာဖွေကယ်ဆယ်ရေးသင်တန်း(တပ်ခွဲအဆင့်) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ရှာဖွေကယ်ဆယ်ရေးသင်တန်း(တပ်ခွဲအဆင့်) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၈-၈-၂၀၁၇ ရက်နေ့၊ (၀၉း၀၀)အချိန်၊ သုခသိဒ္ဓိနယ်မြေမီးသတ်စခန်းတွင်ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြတ်သူမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို နေပြည်တော်အတွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ တပ်ခွဲ(၁)ခွဲ၊ အင်အား(၁၁၆)ဦးတို့အား လုပ်ငန်းခွင်မပျက် လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများအား စနစ်တကျကိုယ်တွယ်တတ်စေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်ပိုင်နိုင်စွာ အသုံးပြုဆောင်ရွက်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ နယ်မြေမီးသတ်စခန်းတာဝန်ခံအရာရှိများနှင့် မီးသတ်စခန်းအသီးသီးမှ သင်တန်းသား(၁၁၆)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၈ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ဗဟိုမီးသတ်သင်တန်းကျောင်း၊ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၅/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်မြို့တွင် ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၅/၂၀၁၇)သင်တန်းဆင်းပွဲအခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်း၊ အနော်ရထာခန်းမ၌ ၂၅-၈-၂၀၁၇ရက်နေ့၊(၀၈း၃၀)အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်မှ သင်တန်းဆင်းပွဲမိန့်ခွန်းပြောကြားခြင်းနှင့် ထူးချွန်ဆုရသင်တန်းသားအား ဆုချီးမြှင့်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၃ရက်နေ့မှ ဩဂုတ်လ ၂၅ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသားအင်အား (၅၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ဗဟိုမီးသတ်သင်တန်းကျောင်းတွင် Drager Firefighting Simulator အား နိုင်ငံခြားသားပညာရှင်များမှလာရောက်တပ်ဆင်ခြင်းနှင့် သင်တန်းပေးခြင်းဆောင်ရွက်နေမှု

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်းရှိ သင်တန်းသား/သူများ လေ့ကျင့်သင်ကြားရာတွင် အသုံးပြုရန်အတွက် **Drager Firefighting Simulator** တပ်ဆင်ပြီး ကျွမ်းကျင်နည်းပြများမှ ၃၁-၈-၂၀၁၇ ရက်နေ့မှ ၁-၉-၂၀၁၇ ရက်နေ့အထိ **Training** များ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဝန်ထမ်းများ အခြေခံအင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၁၇/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း




ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် ဝန်ထမ်းများအခြေခံ အင်္ဂလိပ်စာသင်တန်းအမှတ်စဉ် (၁၇/၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၈-၈-၂၀၁၇ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်သူရမှ သင်တန်းဖွင့်အမှာစကား ပြောကြားပါသည်။

အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများအင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများအင်္ဂလိပ်စာ ဘာသာစကားကျွမ်းကျင်ပြီး နိုင်ငံတကာအသိပညာ၊ အတတ်ပညာများကို အင်္ဂလိပ်ဘာသာစာပေတို့မှ လေ့လာသင်ယူနိုင်ရေး၊ ဌာနဆိုင်ရာဘာသာရပ်များကို လက်တွေ့အသုံးချတတ်စေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးနှင့် ခရိုင်မီးသတ်ဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများတက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသား/သူ အင်အား (၂၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဆွေးနွေးပွဲကျင်းပခြင်း

၇-၉-၂၀၁၇ရက်နေ့၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဆွေးနွေးပွဲကို မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်မေအေး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် မိသားစုဝင်များနှင့် တပ်ဖွဲ့ဝင်အမျိုးသမီး ဝန်ထမ်းများတက်ရောက်ကြပါသည်။ ဆွေးနွေးပွဲတွင် မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မေအေးမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး မိသားစုဝင်များကိုယ်စား ဦးစီးအရာရှိ ဦးသက်ထွေးအောင်၏ဇနီး ဒေါ်သင်းသင်းမှ **“ဖော်မလင်အကြောင်း”** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တပ်ဖွဲ့ဝင်အမျိုးသမီးဝန်ထမ်းများကိုယ်စား လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းမှ **“ပညာဉာဏ်ထပ် ဖန်ဆင်းအပ်မြတ်လှ အသက်မွေးခြင်း”** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပါသည်။

ထို့နောက် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာဒေါ်ခင်မေအေးမှ ဆွေးနွေးတင်ပြချက်များအပေါ် ထပ်ဆင့်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီးနောက် လိုင်းခန်းသန့်ရှင်းရေး အကောင်းဆုံးဆုရရှိသူ အမျိုးသမီးတပ်ဖွဲ့ဝင် အိမ်ရှင်မ(၁)ဦး နှင့် မိသားစု အိမ်ရှင်မ(၁)ဦးတို့အား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်းအမှတ်စဉ် (၂/၂၀၁၇) သင်တန်းဆင်းပွဲ ကျင်းပ





၂၉-၉-၂၀၁၇ ရက်နေ့ ၀၈း၃၀ အချိန် မန္တလေးတိုင်းဒေသကြီး၊ ရဲအရာရှိအတတ်သင်ကျောင်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်းအမှတ်စဉ်(၂/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် အောင်ဝင်းဦးက သင်တန်းဆင်းမိန့်ခွန်းပြောကြားကာအကောင်းဆုံးကျောင်းသားဆုနှင့် သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ချီးမြှင့် ခဲ့ပြီး သင်တန်းဆင်းပွဲသို့ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ဇော်မိုးသန်း၊ အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြင့်တိုး၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ယာယီရဲမှူးချုပ် မျိုးမင်းထိုက်နှင့် ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ၊ နည်းပြအရာရှိများ၊ သင်တန်းသားများ စုစုပေါင်း (၁၃၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်အတွင်းရှိ အ.မ.က(၄၉)၊ အ.ထ.က(၃)စာသင်ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း



ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်အတွင်းရှိ အ.မ.က(၄၉) စာသင်ကျောင်းနှင့် အ.ထ.က(၃) စာသင်ကျောင်းများအား ၂၇-၈-၂၀၁၇ရက်နေ့ (၀၈း၀၀) အချိန်မှစတင်၍ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး ဦးဆောင်ပြီး သန္ဒေမီးသတ်တပ်ဖွဲ့ဝင် (၂၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၃၀)ဦး၊ စုစုပေါင်း(၅၀)ဦးတို့ဖြင့် ကျောင်းအတွင်းအပြင် သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း



၃၀-၈-၂၀၁၇ရက်နေ့၊ (၁၁း၂၇)အချိန်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ မဟာအောင်မြေမြို့နယ်၊ (၇၈×၃၈)လမ်းထောင့်၊ အကွက်အမှတ်(၆၅၂)၊**78 Shopping Mall** အဆောက်အဦဟောင်းအတွင်း အမျိုးသား(အမည်မသိ)၂၅နှစ်သည် အဆောက်အဦ၏အမြင့်ပေ(၃၀)ခန့်မှနေ၍ (၁၀×၂၀)ပေရှိသော **Slab** ပြားအားဖြိုချစဉ် **Slab** ပြားနှင့်အတူပြုတ်ကျမှုဖြစ်၊ (၁၁း၃၀)အချိန်သတင်းရ၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၃)စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်(၂၀)ဦး၊ အရန်မီး သတ်တပ်ဖွဲ့ဝင် (၃၀)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများသွားရောက် ကူညီဆောင်ရွက်ခဲ့ပြီး၊ ၎င်းအမျိုးသား(အမည်မသိ) သေဆုံးသူအား မန္တလေးပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ယစ်မျိုးအက်ဥပဒေနှင့်မြေသိမ်းအက်ဥပဒေတို့အား အသစ်ရေး၊၊၊ မှ

တာဝန်ယူဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၇၂ ခုနှစ်၊ အုပ်ချုပ်ရေးစနစ်သစ် စတင်သည့်အခါ ယစ်မျိုးဌာနကို ဖျက်သိမ်းပြီး ယစ်မျိုးစီမံခန့်ခွဲရေးကို ပြည်တွင်းအခွန်များဦးစီးဌာနကလည်းကောင်း၊ တားဆီးနှိမ်နင်းရေးကို ပြည်သူ့ရဲတပ်ဖွဲ့ ယခုမြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှစ၍ ယစ်မျိုးစီမံခန့်ခွဲခြင်းနှင့် ယစ်မျိုးခွန်ကောက်ခံခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြန်လည်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ၁၉၇၁ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေသည် နှစ်(၁၀၀)ခန့် ကြာမြင့်နေပြီ ဖြစ်သည့်ကတစ်ကြောင်း၊ ခေတ်ကာလပြောင်းလဲလာသည့်အလျောက် စီးပွားရေးဆောင်ရွက်မှုပုံစံနှင့် ထုတ်လုပ်မှုနည်းစနစ်များ ပြောင်းလဲလာခြင်းတို့ကြောင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေသစ်တစ်ရပ်ရေးဆွဲရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ တရားမဝင်ယစ်မျိုးလုပ်ငန်းများမရှိစေရေး၊ ကျန်းမာရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ ရသင့်ရထိုက်သည့် အခွန်များအပြည့်အဝရရှိရေးတို့အတွက် ဆက်နွယ်သည့်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အလို့ငှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဘက်စုံထောင့်စုံက ဖြည့်စွက်ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားသွားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာန အကြီးအကဲများနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေရေးရာအကြံပေးကော်မတီများ၊ ဆက်စပ်ဌာနဆိုင်ရာများမှအကြီးအကဲများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား (၅၄)ဦး တက်ရောက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ (၃)ရက်ကြာ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

## ယစ်မျိုးအက်ဥပဒေနှင့် မြေသိမ်းအက်ဥပဒေတို့အား အသစ်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ



၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ နံနက် ၈း၃၀ နာရီ အချိန်တွင်နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထဲရေးဝန်ကြီးဌာနစုစည်းခန်းမ၊ ရုံးအမှတ်(၁၀)၊ နေပြည်တော်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကျင့်သုံးလျက် ရှိသော ယစ်မျိုးအက်ဥပဒေနှင့် ၁၈၉၄ ခုနှစ်၊ မြေသိမ်း အက်ဥပဒေကိုအသစ် ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေတက် ရောက်၍ အဖွင့်အမှာစကားပြောကြား ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးကအဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် ပြည်ထောင်စု လွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ် များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မတီက ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ်ကျင့်သုံးလျက်ရှိသော ဥပဒေ တစ်ခုချင်းအလိုက် ခေတ်ကာလနှင့် လျော်ညီမှု ရှိ/မရှိ ဆန်းစစ်ရာတွင် ပြင်ဆင်ရန် သို့မဟုတ် အသစ်ရေး ဆွဲရန်လိုအပ်ကြောင်း အကြံပြုလာခြင်း ကြောင့်ယစ်မျိုးအက်ဥပဒေနှင့်မြေသိမ်း အက်ဥပဒေတို့အား အသစ်ပြန်လည် ရေးဆွဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယစ်မျိုး စီမံခန့်ခွဲမှုနှင့်ယစ်မျိုးခွန်ကောက်ခံခြင်းကို ကိုလိုနီခေတ်တွင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို တာဝန်ယူဆောင်ရွက် နေသောခရိုင်ဝန်(ကော်လိတ္တော်အရာရှိ) နှင့် နယ်ပိုင်၊ မြို့ပိုင်များစသည့် အုပ်ချုပ်ရေးအရာထမ်းများက

စာ(၁၈)သို့

## တတိယအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးကာကွယ်ရေးအစည်းအဝေးကျင်းပ





တတိယအကြိမ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေး အစည်းအဝေးကို ၂၀-၈-၂၀၁၇ ရက်နေ့ ဝ၉း၀၀ အချိန်တွင် ရန်ကုန်မြို့၊ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်၌ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် အောင်ဝင်းဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် **H.E. Mr. Md Jamal Uddin Ahmed** တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဘက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဌာနမှညွှန်ကြားရေးမှူးချုပ် **H.E. Mr. Md Jamal Uddin Ahmed** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့က နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေး ဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်း၊ နယ်စပ် ဆက်ဆံရေး ရုံးများ ဖွင့်လှစ်ရေးနှင့် ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် မြန်မာ- ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများ တရား မဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေးအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ထားမှုအခြေအနေအားပြန်လည် သုံးသပ်ခြင်း တို့ကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် အစည်းအဝေး ပြီးစီးခဲ့ကြောင်းသတင်းရရှိပါသည်။

## မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သဘောတူညီချက်စာလွှာ ပြင်ဆင်ချက် (ALoA) (၂၀၁၇ ခုနှစ်) လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သဘောတူညီချက်စာလွှာ ပြင်ဆင်ချက် **(ALoA)** (၂၀၁၇ ခုနှစ်) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၈)၊ အစည်းအဝေးခန်းမ(၁)၌ ၂၂-၈-၂၀၁၇ ရက်နေ့ ၁၂း၃၀ အချိန်တွင် ကျင်းပ ပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦးနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး **H.E. Mr. Scot Marciel** နှင့် ဧည့်သည်တော်များ တက်ရောက် ခဲ့ကြပြီး အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲချုပ် ရဲချုပ် အောင်ဝင်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး **H.E. Mr. Scot Marciel** မှ လက်မှတ်ရေးထိုးရခြင်းအကြောင်းကို အသီးသီးရှင်းလင်းပြောကြားခဲ့ကြပါသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး **H.E. Mr. Scot Marciel** တို့က မြန်မာနိုင်ငံနှင့်အမေရိကန်နိုင်ငံ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သဘောတူညီချက် စာလွှာပြင်ဆင်ချက် **(ALoA)** (၂၀၁၇ ခုနှစ်)ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။




# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Kerem Divanlioglu ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး **H.E. Mr. Kerem Divanlioglu** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၈-၉-၂၀၁၇ ရက်နေ့ ၁၀း၃၀ နာရီတွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးနှင့် သတင်းရဲတပ်ဖွဲ့ တပ်ဖွဲ့ ရဲမှူးချုပ်မြဝင်းတို့ တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးမှ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသဖြစ်စဉ်များနှင့် ပတ်သက်၍ တူရကီနိုင်ငံ ဒုတိယဝန်ကြီးချုပ်၏ အခြားနိုင်ငံများမှ သတင်းဓါတ်ပုံအမှားများ ဖော်ပြခဲ့ခြင်းအတွက် များစွာစိတ်မကောင်း ဖြစ်ခဲ့ရပါကြောင်း၊ ဖြစ်စဉ်အခြေအနေ မှန်များနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သိရှိနားလည်စေလိုပါကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာတူရကီနိုင်ငံသံအမတ်ကြီးမှ ရခိုင်ဖြစ်စဉ်များနှင့် ပတ်သက်၍ အဖြစ်မှန်အပေါ် နားလည်သဘောပေါက်ပါကြောင်း၊ ကိုယ်ချင်းစာနာပါကြောင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး H.E. Mr. Steve Marshall ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး **H.E. Mr. Steve Marshall** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၁၅-၉-၂၀၁၇ ရက်နေ့ ၁၀၃၀ နာရီတွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဗိုလ်ချုပ် အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးနှင့် သတင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်းတို့ တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရရှိစေရန် ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်



စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။